# မတရားဖမ်းဆီးခံထားရသော ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များနှင့် ပက်သက်၍ သဘောထားကြေငြာချက်

နေ့စွဲ၊ ၉ရက် ၉လ ၂၀၀၇ခုနှစ်

မြန်မာနိုင်ငံ၌ ၁၉၆၂ခုနှစ်မှစ၍ စစ်အာဏာရှင်စံနစ်ကြီးစိုးခဲ့သည်မှာ ယနေ့ဆိုလျှင် ၄၅နှစ်တိုင်ခဲ့ပြီဖြစ်သည်၊ အာဏာရှင်စံနစ်၏ ဆိုးကျိုးအဖြစ်မြန်မာနိုင်ငံသည် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံတစ်ခုဖြစ်ခဲ့ရပြီး မြန်မာနိုင်ငံသားများသည်လည်း ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ဒုက္ခအဝဝဖြင့် လူမှုဆင်းရဲဒါဏ်ကိုခံစားရသည်။

စစ်အာဏာရှင်စံနစ်ကြီးစိုးမှုအား ၁၉၇၄ခုနှစ်၌ မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ်စံနစ်ဟု အမည်ပြောင်းလဲ အုပ်ချုပ်ခဲ့သည်၊ ထိုနည်းတူ ယခုအချိန်တွင်လည်း မြန်မာ့နည်း မြန်မာ့ဟန် ဒီမိုကရေစီစံနစ်ပုံစံဖြင့် ဆက်လက်လွှမ်းမိုးသွားရန်၊ ပြည်သူအား စစ်ကျွန်ပြုရန်အတွက် ၁၄နှစ်ကြာ အမျိုးသားညီလာခံပြုလုပ်၍ ပြည်သူ့ဆန္ဒမပါဝင်သော ဖွဲ့စည်းပုံအခြေခံဥပဒေအား ရေးဆွဲအတည်ပြုနိုင်ရန်လုပ်ဆောင်လျက် ရှိသည်။

ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံအကျိုး၊ ပြည်သူ့အကျိုး အတွက်ရပ်တည်လျက်ရှိသော၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ တရားမျှတရေး၊ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ကြိုးပမ်းလျက်ရှိသူများအားလည်း ပုဒ်မအမျိုးမျိုးဖြင့် ဖမ်းဆီး၍ နှစ်ပေါင်းများစွာ အကျဉ်းချထား လျက်ရှိသည်။

ယခုစစ်အစိုးရမှ ကိုမင်းကိုနိုင်၊ ကိုမင်းဇေယျ၊ ကိုကိုကြီး အပါအဝင် ၈၈မျိုးဆက်ကျောင်းသားခေါင်းဆောင် ၁၇ ယောက်အား ၂၁ရက် ၈လ ၂၀၀၇ခုနှစ် မှစ၍ ဖမ်းဆီးခဲ့သည်၊ ၈၈မျိုးဆက်ကျောင်းသားများသည် ပြည်သူနှင့်တသားတည်း ရပ်တည်ကာ မြန်မာပြည်သူ တရပ်လုံး ခံစားနေရသော နိုင်ငံရေး၊ စီးပွားရေး ပြဿနာများအား ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရေး၊ တိုင်းပြည်ဆင်းရဲမွဲတေရခြင်း၏ အကြောင်းရင်းခံ ဖြစ်သော အာဏာရှင်စံနစ်အား ပြောင်းလဲနိုင်ရေးအတွက် ကြိုးပမ်းနေသူများဖြစ်သည်။

၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များ၏ ငြိမ်းချမ်းစွာမြန်မာ့ပြည်သူ့ အရေးကြိုးပမ်းမှုအပေါ် ပုဒ်မအမျိုးမျိုးဖြင့် စွဲချက်တင်နိုင်ရန် အတွက် စစ်အစိုးရမှ စံနစ်တကျအကွက်ချလုပ်ကြံဖန်တီးခြင်း၊ လူမဆန်စွာညှင်းပန်းနှိပ်စက်ခြင်းများအား ပြုလုပ်လျက်ရှိသည်၊ ထိုကဲ့သို့ စစ်အစိုးရမှပြောင်ကျကျ ကျူးလွန်လျက်ရှိသော နိုင်ငံရေးအကြမ်းဖက်မှုများအား မြန်မာပြည်သူတစ်ရပ်လုံးမှ လက်ခံမည်မဟုတ်သကဲ့သို့ ကမ္ဘာ့မိသားစုဝင်နိုင်ငံများမှလည်း လက်ခံမည်မဟုတ်ဟု ကျွန်ုပ်တို့ယုံကြည်သည်။

ကျွန်ုပ်တို့ ၈၈ မျိုးဆက်ကျောင်းသားများ အနေဖြင့်လည်း မည်သည့်ဖမ်းဆီးမှု၊ ညှင်းပန်းနှိပ်စက်မှုကိုမဆို ကြံ့ကြံ့ခံရင်ဆိုင်ရင်း ရဟန်းသံဃာများ၊ ကျောင်းသားများ၊ အလုပ်သမား၊ လယ်သမား ပြည်သူတစ်ရပ်လုံးနှင့်အတူ မြန်မာနိုင်ငံ၌ စစ်အာဏာရှင်စံနစ် ဖယ်ရှားနိုင်ရေး အတွက်ဆက်လက်ကြိုးပမ်းသွားမည် ဖြစ်သည်။

၈၈ မျိုးဆက်ကျောင်းသားများ